မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
September 4, 2025 Volume 94, Number 4

| | |
|---|---|
| ၄. ၉.၂၀၂၅ | |
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၄၇.၅၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၉.၃၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၂၄.၁၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၀.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၈ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းသို့ အကောက်ခွန်မဲ့ ပြောင်းတင်ပို့ခြင်းကို ရပ်နားခံရ၍ ပြောင်းဈေးကျဆင်းနေ




ထိုင်းနိုင်ငံအနေဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ အထိသာ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ လက်ရှိတွင် မြန်မာ့ပြောင်းများ တင်သွင်းခြင်းကို ရပ်နားလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံသို့ ပြောင်းများ အကောက်ခွန်မဲ့တင်ပို့ခြင်းကို ရပ်နားထားပြီး ပြောင်းဈေးမှာလည်း ဆက်တိုက် ကျဆင်းနေဆဲဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။

ထိုင်းနိုင်ငံအနေဖြင့် နှစ်စဉ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ အထိသာ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့်တင်သွင်းခွင့်ပြုထားခြင်းဖြစ်၍လက်ရှိတွင် မြန်မာ့ပြောင်းများ တင်သွင်းခြင်းကို ရပ်နားလိုက်ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိ ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်မှ တင်သွင်းလာမည့် မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော GMO ပြောင်းများကိုသာ ဝယ်ယူအသုံးပြုသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ထို့ကြောင့် ဈေးကွက်အတွင်း ပို့ကုန်ဝယ်လက်သမားများ၏ ဝယ်ယူမှုမှာ ကျဆင်းလာကြောင်း သိရသည်။

လက်ရှိ ပြောင်းသင်္ဘောတင် FOB ဈေးနှုန်းမှာ ပြီးခဲ့သည့် အပတ်ဖြင့်ယှဉ်ပါက အမေရိကန်ဒေါ်လာ ၂၆၀ မှ ၂၅၅ ဒေါ်လာအထိ ကျဆင်းသွားကြောင်းသိရသည်။

ထို့ပြင် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပြီးခဲ့တဲ့ အပတ်က ပြောင်းတစ်ပိဿာကို ၁၆၅၀ ကျပ်ထိရှိခဲ့ပြီး လက်ရှိမှာ တစ်ပိဿာကို ၁၆၀၀ ပေါက်ဈေးသာရှိတော့ကြောင်း တွေ့ရသည်။

“ပြည်တွင်း ပြောင်းကို ထိုင်းကပဲ အဓိကဝယ်ယူတာ၊ ထိုင်းကရပ်သွားတော့ ပြည်တွင်းကလူတွေ အဆင်မပြေသလို၊ ထိုင်းဘက်ကလည်း အဆင်မပြေဘူး။ မြန်မာပြည်ကပြောင်းကဈေးသက်သက်သာသာဝယ်ယူလို့ရတာ။အခုအမေရိကန်ကနေ ပြောင်းဝယ်ရမယ်ဆိုရင် သူတို့အတွက် မကိုက်ဘူး။ ဒီလိုသာဆက်သွားရင်တော့ ဈေးကတော့ကျနေမယ်။ တခြားနိုင်ငံကို များများပို့နိုင်မှ ဈေးတန်းတစ်ခုရောက်မှာ” ဟု ပြောင်းကုန်သည်တစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံ အစား တရုတ်နှင့်အခြားနိုင်ငံသို့ အနည်းငယ် အထိုက်အလျောက်တင်ပို့သွားမည် ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ ထိုင်းနှင့်ပတ်သတ်သော မြန်မာ့ပြောင်းဈေးကွက်သည် အချိန်အတော်ကြာ ငုပ်လျှိုးကွယ်ပျောက်နိုင်ကြောင်း ဈေးကွက်သုံးသပ်သူများကလည်း သုံးသပ်ထားကြသည်။

ယခုအခြေအနေတိုင်းသာ ဆက်သွားမည်ဆိုပါက ထိုင်းနိုင်ငံမှ အကောက်ခွန်လွတ်ပြန်လည်ခွင့်ပြုသည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင်လည်း ပြောင်းဈေး တက်လာနိုင်ချေမရှိသေးကြောင်း ကုန်သည်များ က သုံးသပ်ထားသည်။

**Source :** https://htwettoe.com/

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၂၄,၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၂၄,၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံ ၁၄၀,၃၄၅ ဧကစိုက်ပျိုးရန်လျာထားပြီး မေလမှ စတင် စိုက်ပျိုးခဲ့ရာလက်ရှိတွင် စပါး ၆၁,၂၀၄ ဧက၊ ဖူးစားပြောင်း ၂၂၉၆ ဧက ၊ နှံစားပြောင်း ၂၉၁ ဧက၊ ပဲတီစိမ်း ၆၄၀၉ ဧက၊ ပဲစင်းငုံ ၆၆၁၁ ဧက၊ ပဲကြီး ၁၁၄၃ ဧက၊ တခြားပဲ ၁၁၂ ဧက၊ ဆီထွက်သီးနှံစုံ ၃၀,၄၅၂ ဧက၊ ချည်မျှင်ရှည်ဝါ ၄၅၆၅ ဧက၊ ကြံရှစ်ဧက၊ ထန်း ၂၂၂ ဧက၊ ကွမ်း ၅၂ ဧက၊ ငရုတ် ၅၅၂ ဧက၊ တခြားစားသုံးသီးနှံ ၄၃၉၅ ဧက၊ ပရဆေး(လျှော်ဖြူ) ၂၅၇ ဧက၊ ကျွဲနွားတိရစ္ဆာန်အစာ ၅၄၄၄ ဧက၊ အထွေထွေစားသုံးသီးနှံ ၁၄၇ ဧက၊ စားသုံးခြင်းမပြုသည့် သီးနှံ ၆၃၆ ဧက၊ အစေ့ကျားကြက်ဆူ ၅၈ ဧက စုစုပေါင်း သီးနှံစုံ ၁၂၄,၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ သီးနှံစုံ ၁၄၀,၃၄၅ ဧကလျာထားစိုက်ပျိုးခဲ့တာ လက်ရှိအချိန်ထိ ၁၂၄၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး သီးနှံအလိုက် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်း မျိုးတွေကို စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ အဆင်ပြေအောင် သက်ဆိုင်ရာဆက်စပ်ဌာနတွေက ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေပိုမိုရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## သန်လျင်ရေနံချက်စက်ရုံသစ် ယခုနှစ်ကုန်၌ လည်ပတ်ရန် ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)မှာ ပထမအဆင့် အနေနဲ့ တစ်နှစ်ကို ရေနံစိမ်းတန်ချိန် ငါးသိန်းချက် လုပ်နိုင်တဲ့ Modular Type စက်ရုံကို အခုနှစ်ကုန်မှာ လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်နေတယ်လို့ စွမ်းအင်ဝန်ကြီးဌာနက သိရပါတယ်။

အဲဒီ Modular Type စက်ရုံမှာ စက်ပစ္စည်းတွေ ထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ရေနံစိမ်းနဲ့ရေနံထွက်ပစ္စည်း ဖြန့်ဖြူးပေးမဲ့ ပိုက်လိုင်းသွယ်တန်းတဲ့လုပ်ငန်းမှာ ၁၀ ရာခိုင်နှုန်း၊ စက်ရုံအတွက် လိုအပ်တဲ့ သဘာဝဓာတ်ငွေ့တွေ ပို့လွှတ်ပေးနိုင်ဖို့ ပိုက်လိုင်းသွယ်တန်းတဲ့ လုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း၊ မြေပြင်စက်ရုံတည်ဆောက်နေမှုလုပ်ငန်းမှာ ၂၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ပါတယ်။

အဲဒီ စက်ရုံကို သတ်မှတ်ထားတဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေပြီး ဒုတိယ အဆင့် အနေနဲ့တစ်နှစ်ကို ရေနံစိမ်းတန်ချိန်သုံးသန်း ချက်လုပ်နိုင်တဲ့ ရေနံချက်စက်ရုံအသစ်ကိုလည်း ၂၀၂၈ ခုနှစ်အတွင်း တည်ဆောက် ပြီးစီးဖို့ လျာထားဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

အဲဒီစီမံကိန်းတွေပြီးစီးရင် နိုင်ငံတော်အတွက် လိုအပ်တဲ့အဆင့်မြင့်စက်သုံးဆီတွေကို ပြည်တွင်းမှာ ချက်လုပ်သုံးစွဲနိုင်တော့မှာ ဖြစ်တယ်လို့ စွမ်းအင်ဝန်ကြီးဌာနက သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ခရမ်းချဉ်သီး ရှားပါးလာ၍ တရိပ်ရိပ်ဈေးတက်လာ



မကွေးမြို့မှာ ခရမ်းချဉ်သီး ရှားပါးလာတာကြောင့် တရိပ်ရိပ် ဈေးတက်လာနေပြီး ရောင်းအားလည်း ကျဆင်းလာတယ်လို့ ကုန်စိမ်းသည်တွေဆီက သိရပါတယ်။

မကွေးဒေသမှာ ခရမ်းချဉ်တွေကို မိုးဦးကျမှာ စိုက်ပျိုးကြပြီး မိုးအကုန် ဆောင်းအကူး သီတင်းကျွတ် လကုန်ပိုင်းလောက်မှ စတင်ထွက်ရှိကြမှာပါ။ ဒီကြား ကာလမှာတော့ ခရမ်းချဉ်သီးရှားပါးကာ ပြတ်လပ်လေ့ရှိပြီး ဈေးလည်းတက်လေ့ရှိတယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့လက ခရမ်းချဉ်သီးတစ်ပိဿာကို ငွေကျပ် ၁၃၀၀ သာရှိခဲ့ပြီး အခုကတော့ တစ်ပိဿာကို ကျပ်၂၀၀၀ ဝန်းကျင်ထိ ဈေးမြင့်တက်လာတာပါ။

မကွေးဒေသခံတွေ စိုက်ပျိုးကြတဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ပန်းမုန်လာစတဲ့ ကုန်စိမ်းတွေဟာ သီတင်းကျွတ်လကုန်ပိုင်းမှသာ ထွက်ရှိမှာဖြစ်ပြီး အခုကတော့ကုန်စိမ်းတွေကို ကျောက်ပန်းတောင်းနဲ့ ရှမ်းပြည်နယ်ကနေပဲ မှာယူရောင်းချကြတာဖြစ်ပါတယ်။ တောင်ပေါ်ခရမ်းချဉ်သီးတွေထက် ကျောက်ပန်းတောင်းဒေသထွက် သီးစိုလို့ခေါ်တဲ့ ဗမာသီးက ရောင်းအားပိုကောင်းတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ကန့်ဘလူမြို့နယ်၌ ဆီထွက်သီးနှံမိုးမြေပဲများ ရိတ်သိမ်းလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။

နှစ်စဉ် စပါး၊ ပြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊နေကြာတို့ အဓိကစိုက်ပျိုးကြောင်း၊ ယခုအခါ ကန့်ဘလူခရိုင်အတွင်း၌ ဩဂုတ်လမှစ၍ ဆီထွက်သီးနှံ မိုးမြေပဲများ စတင်ရိတ်သိမ်းလျက်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများ ပေါ်ပေါက်လာကာ မိသားစုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြေပဲသီးနှံရိတ်သိမ်းရာတွင် မြေပဲပင်နုတ်ခြင်း၊ အတောင့်ခြွေခြင်းတို့ပြုလုပ်ရသည့်အတွက် မြေပဲပင်နုတ် ၁ ရက်လျှင် ၁၅,၀၀၀ကျပ်၊ မြေပဲအတောင့်ခြွေခ ၁ တင်းလျှင် ၇၅၀၀ကျပ်၊ မြေပဲအတောင့်ယူပါက ၃ ပြည်ပေးရကြောင်း၊ မြေပဲ အတောင့်ခြွေသူများသည် ကျွမ်းကျင်မှုရှိပါက တစ်ရက်လျှင် ၂ မှ ၄ တင်းအထိရကြောင်း၊ မြေပဲပင်၏ အတောင့်အနည်း အများပေါ် မူတည်၍ တင်းရေကွာခြားကြောင်း၊ မြေပဲရိတ်သိမ်းရာသီဖြစ်သည့်အတွက် မြေပဲပင်နုတ်ခြင်း၊ မြေပဲအတောင့်ခြွေခြင်းကို နေ့စဉ်လုပ်ကိုင်နေရသည့်အတွက် နေ့စဉ်ဝင်ငွေရရှိကာ မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source : DOCA** (စစ်ကိုင်း)

https://www.doca.gov.mm/

## သံမဏိနှင့်အလူမီနီယမ်ထုတ်ကုန်များအပေါ် ထပ်တိုးအခွန်နှင့် ကိုတာစနစ်ချမှတ်မှု ကျင့်သုံးနေသည့် ကနေဒါနိုင်ငံကို တရုတ်နိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ တရားစတင်စွဲဆို



ကနေဒါနိုင်ငံ၏လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်၌ပါဝင်ခြင်းမရှိသော မိတ်ဖက်နိုင်ငံများ (တရုတ်နိုင်ငံအပါအဝင်) မှ သံမဏိထုတ်ကုန်အချို့ကို ကနေဒါနိုင်ငံသို့ တင်သွင်းခြင်းအပေါ် အကောက်ခွန်နှုန်းထားများနှင့် ထပ်တိုးအခွန်များ စည်းကြပ်ချမှတ်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တရုတ်နိုင်ငံက ကနေဒါနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှု ဖြေရှင်းရေးစနစ် အရ တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံမှထုတ်လုပ်သော သံမဏိ (သို့) အလူမီနီယမ်နှင့် အလူမီနီယမ်ထုတ်ကုန်အချို့အပေါ်တွင်လည်း ထပ်တိုးအခွန်များ စည်းကြပ်ခဲ့မှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုအဖြစ် စတင်တရားစွဲဆိုလိုက်ပြီး ယင်းတောင်းဆိုချက်ကို ဩဂုတ်လ ၂၀ ရက်နေ့တွင် ကျန်အဖွဲ့ဝင်နိုင်ငံများထံသို့ WTO WT/DS641/1 ဖြင့် အသိပေး အကြောင်းကြားလိုက်ပြီဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အငြင်းပွားမှုဖြေရှင်းရေးစနစ်အရ ညှိနှိုင်းဆွေးနွေးမှုကို ဦးစွာစတင်ရန်လိုအပ်ပြီး ရက်ပေါင်း ၆၀ ညှိနှိုင်းမှုအတွင်း နှစ်ဖက်ကျေနပ်လောက်သောအဖြေမရမှသာ တိုင်ကြားသူက ခုံအဖွဲ့တစ်ခုမှ စီရင်ဆုံးဖြတ်ရန် တောင်းဆိုကာ တရားစွဲဆိုခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

**Source : ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့**

https://commerce.gov.mm/

## ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် လာအိုနိုင်ငံ၏ စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်တည်ငြိမ်လျက်ရှိ



လာအိုဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်အတွက် အပြုသဘောဆောင်သော စီးပွားရေး အလားအလာကိုမျှော်မှန်းထားပြီးခရီးသွားကဏ္ဍတွင် ခိုင်မာအားကောင်းသည့် အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် လျှပ်စစ်ဓာတ်အား၊ အခြေခံအဆောက်အအုံတည်ဆောက်မှုနှင့် အခြားအဓိကကဏ္ဍများတွင် ကြီးထွားလာမှုကို မီးမောင်းထိုးပြခဲ့သည်။

လာအိုနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ လာအိုစာရင်းအင်းဗျူရိုသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအိုဗဟိုဘဏ်မှ ကိုယ်စားလှယ်များနှင့် အခြားသက်ဆိုင်ရာ သက်ဆိုင်သူများပါဝင်သော ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ကြောင်း ဝန်ကြီးဌာန၏ အစီရင်ခံစာအရ သိရသည်။

အဆိုပါအစည်းအဝေးတွင် စီးပွားရေးနှင့်လူမှုရေးအခြေအနေဆိုင်ရာ အစီရင်ခံစာတစ်ရပ်ရေးဆွဲရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ပထမနှစ်ဝက်အတွက် အချက်အလက်တွက်ချက်မှုနှင့် စုစည်းမှုရလဒ်များကို အဓိကထား ဆွေးနွေးခဲ့ကြောင်းသိရသည်။

စင်တာသည် နိုင်ငံ၏ စုစုပေါင်းစီးပွားရေးတန်ဖိုးကို တွက်ချက်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ခန့်မှန်းခြင်းတို့ကို ဆောင်ရွက်ပြီး စီးပွားရေးနှင့် လူမှုရေးလမ်းကြောင်းများဆိုင်ရာ အဓိကအချက်အလက်များကို တင်ပြပေးသည်။

ဤလုပ်ငန်းသည် ပြည်တွင်းအသားတင်ထုတ်ကုန်(GDP)၊ပင်မမက်ခရို စီးပွားရေးဒေတာနှင့် အုပ်ချုပ်ရေးစနစ်များ၊ စစ်တမ်းများနှင့်အခြားရင်းမြစ်များမှစုဆောင်းထားသောလူမှုရေးဆိုင်ရာ ကိန်းဂဏန်းများကဲ့သို့သော ညွှန်းကိန်းများအပေါ် မူတည်သည်။

အစီရင်ခံစာအရ လာအိုနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ် ပထမခြောက်လတွင် ၄ ဒသမ၅ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပြီး ယမန်နှစ် အလားတူကာလနှင့် တူညီသည်။ လယ်ယာကဏ္ဍသည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ၂ ဒသမ ၉ ရာခိုင်နှုန်းမှ ၃ ဒသမ၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

စက်မှုကဏ္ဍသည် ယခင်နှစ် ၄ ဒသမ ၄ ရာခိုင်နှုန်း နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဝန်ဆောင်မှုကဏ္ဍသည် ၄ ဒသမ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် တိုးတက်မှုနှုန်း ၅ ဒသမ၂ ရာခိုင်နှုန်းထက် အနည်းငယ်လျော့နည်းခဲ့သည်။

ထို့ပြင် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် လာအို၏ စီးပွားရေးအလားအလာသည် အပြုသဘောဆောင်လျက်ရှိပြီး ခရီးသွားကဏ္ဍတွင် ခိုင်မာသော အလား အလာများနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးလာလျက်ရှိသည်။

လယ်ယာကဏ္ဍသည် ၃ ဒသမ၇ ရာခိုင်နှုန်း၊ စက်မှုလုပ်ငန်း ၃ ဒသမ၆ ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း ၄ ဒသမ၃ ရာခိုင်နှုန်းတိုးလာရန် မျှော်မှန်းထားပြီး ဂျီဒီပီတိုးတက်မှုနှုန်း ၄ ရာခိုင်နှုန်းကို ဗဟိုက ခန့်မှန်းထားသည်။

သို့သော်လည်း ကမ္ဘာ့ကုန်သွယ်ရေးတင်းမာမှုများ၊ နိုင်ငံရေးပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများကြောင့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများကို ထိခိုက်စေနိုင်သည့် အလားအလာများကြောင့် စီးပွားရေးအလားအလာ မသေချာသေးကြောင်း အစီရင်ခံစာကဆိုသည်။

**Source: Xinhua**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## ပြည်တွင်းတင်သွင်းမှုရပ်ဆိုင်းခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ဈေးများမြင့်တက်လျက်ရှိ



ယခုနှစ်ပထမနှစ်ဝက်တွင် ဖိလစ်ပိုင်နိုင်ငံ ဆန်ဈေးနှုန်းများသည် နိုင်ငံ၏ အဓိကဆန် ထုတ်လုပ်သည့်ဒေသများတွင် ပြည်တွင်းတင် သွင်းမှုရပ်ဆိုင်းမှုများကြောင့် မြင့်တက်လျက် ရှိကြောင်း အစိုးရဌာနများ၏ ထုတ်ပြန်ချက် အရ သိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန (DA ) ၏ ပြော ကြားချက်အရ နိုင်ငံတော်အစားအသောက် အဖွဲ့အစည်း (NFA)၏ အချက်အလက်များသည် ဖိလစ်ပိုင်နိုင်ငံ ဖွံ့ဖြိုးဆဲဒေသ ၁၃ ခုများတွင် ဆန်ဈေးနှုန်းမြင့်တက်မှုများ မြင်တွေ့ နေရပြီ ဟုဖော်ပြနေကြောင်း သိရသည်။

NFA သည် ကုန်သည်များ၏ ဆန်ဝယ်ယူနှုန်းသည် သမ္မတ Marcos ၏ တင်သွားမှုပိတ်ဆို့ခြင်းအမိန့် မထုတ်ပြန်မီ ဇူလိုင်လ နောက်ပိုင်းမှစ၍ သုည ဒသမ ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ဟု ဖော်ပြနေကြောင်း သိရသည်။

DA ၏ထုတ်ပြန်ချက် အရ Central Luzon တွင် ပျမ်းမျှဆန်ဝယ်ယူဈေးနှုန်းသည် တစ်ကီလိုလျှင် ပီဆို ၁၆ ဒသမ၉၈ ထိရှိခဲ့ပြီး Mindanao တောင်ပိုင်းတွင် တစ်ကီလိုလျှင် ပီဆို ၂၀ ဒသမ၅၉ အထိ ရောက်ရှိခဲ့သည်။

ဆန်ဈေးနှုန်းသည် Tagalog တောင်ပိုင်းတွင် တစ်ကီလိုလျှင် ပီဆို ၁၆ ဒသမ၅၂ ဖြင့် တည်ငြိမ်လျက်ရှိပြီး Visayas အနောက်ပိုင်းတွင် တစ်ကီလိုလျှင် ပီဆို ၁၇ ဒသမ ၆၀ ဖြင့် တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန အတွင်းရေးမှူးဆိုသူ Francisco Tiu Laurel Jr. က ဖိလစ်ပိုင်အစိုးရသည် တင်သွင်းမှုရပ်ဆိုင်းခြင်း ကြောင့် ဈေးကွက်တုံ့ပြန်မှုအပေါ် အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် NFA အုပ်ချုပ်ရေးမှူး Larry Lacson က အဆိုပါဆန်ဈေးနှုန်းမြင့်တက်မှုသည် လယ်သမားများအတွက် သင့် တော်ကြောင်းနှင့် ကောင်းမွန်သောလက္ခဏာများဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

**Source: Philstar**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (4.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Sep, 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,308 (Shares) | 16,968,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +300 | +4.11% | 7,300 | 7,600 | 7,200 | 1,603 | 11,850,100 | 33,109,694 | 251,634 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,050 | 3,100 | 3,000 | 992 | 3,001,700 | 38,929,150 | 120,680 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 90 | 666,000 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 303 | 606,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 120 | 312,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,850 | +0 | +0.00% | 1,850 | 1,900 | 1,850 | 87 | 162,150 | 19,977,223 | 36,958 |
| AMATA | 00007 | 3,250 | -50 | -1.52% | 3,250 | 3,250 | 3,250 | 43 | 139,750 | 10,497,598 | 34,117 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 70 | 231,000 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Sep. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.66 | +5.78 | +1.60% | 359.85 | 366.66 | 358.60 | 3,308 | 16,968,700 | 8 | 691,581 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Sep. 2025

| Trading Volume | Trading Value |
|---|---|
| 3,308 (Shares) | 16,968,700 (MMK) |

### Main Board

As of 1:00 pm, 5th Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,308 (Shares) | 16,968,700 (MMK) |

| MYANPIX | 366.66 ▲ 5.78 |
|---|---|
| Total Volume (shares) | 3,308 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 691,581 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 300 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,850 | ▲ 0 |
| AMATA | 00007 | 3,250 | ▼ 50 |
| MAEX | 00008 | 3,300 | ▲ 0 |